အားလုံးအတွက် တိုးတက်ကောင်းမွန်သော တရားမျှတမှုဆီသို့

# တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း
# (၂၀၁၈-၂၀၂၂)




## ပဉ္စမနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ်
## (၂၀၂၂)

# မြန်မာတရားစီရင်ရေး၏ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များနှင့် တန်ဖိုးများ

## ရည်မှန်းချက်

- လူတိုင်းသို့ အရည်အသွေးမြင့် တရားမျှတမှုကို ဖြည့်ဆည်းပေးရန်
- တရားရုံးများအပေါ် ပြည်သူလူထု၏ စိတ်ချယုံကြည်မှုနှင့် ထိရောက်မှုရှိသည့် တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ရန်

## လုပ်ငန်းတာဝန်များ

- တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး
- ပြည်သူအများ ယုံကြည်ကိုးစားသည့် ပြည်သူ့အကျိုးပြုတရားစီရင်ရေးစနစ် ပေါ်ထွန်းရေး
- အမှုအခင်းများကို ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စီရင်ဆုံးဖြတ်ရေး
- တရားရုံးများ၏ ဂုဏ်သိက္ခာမြှင့်တင်ရေး

## တန်ဖိုးများ

- သာတူညီမျှမှုနှင့် တရားမျှတမှု
- တရားစီရင်ရေးလွတ်လပ်မှုနှင့် ဂုဏ်သိက္ခာရှိမှု
- လက်လှမ်းမှီနိုင်မှု
- မြန်ဆန်ထိရောက်မှုနှင့် အချိန်မီဆောင်ရွက်မှု



# မာတိကာ


- တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း၊ ပဉ္စမနှစ် လုပ်ငန်းအစီအစဉ် (၂၀၂၂- ခုနှစ်) ---------- ၁
- အပိုင်း (၁) တရားရုံးဝန်ဆောင်မှုများ အများပြည်သူလက်လှမ်းမီနိုင်မှုကို လွယ်ကူတိုးတက်စေရေးဆောင်ရွက်ပေးရန် ---------- ၃
- အပိုင်း (၂) အများပြည်သူ၏ အသိအမြင်ကို မြှင့်တင်ပေးရန် ---------- ၅
- အပိုင်း (၃) တရားစီရင်ရေး၏ လွတ်လပ်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည် မြှင့်တင်ပေးရန် ---------- ၇
- အပိုင်း (၄) တရားစီရင်ရေး၏ ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံယူနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို မြှင့်တင်ပေးရန် ---------- ၁၀
- အပိုင်း (၅) ထိရောက်သော မှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးကဆောင်ရွက်သော အထူးမှုခင်းကိစ္စရပ်တို့ကို တိုးမြှင့်ဆောင်ရွက်ရန် ---- ၁၄
- အတိုကောက်အခေါ်အဝေါ်များ ---------- ၁၇

## တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂)

## ပဉ္စမနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၂)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် လူတိုင်းသို့ အရည်အသွေးမြင့် တရားမျှတမှုကို ဖြည့်ဆည်းပေးရန်၊ တရားရုံးများအပေါ် ပြည်သူလူထု၏ စိတ်ချယုံကြည်မှုနှင့် ထိရောက်မှုရှိသည့် တရားဥပဒေစိုးမိုးရေးကိုမြှင့်တင်ရန်ဟူသည့် ရည်မှန်းချက်များဖြင့် “ငါးနှစ်တာတရားစီရင်ရေးမဟာဗျူဟာစီမံကိန်း(၂၀၁၈-၂၀၂၂)” ကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါသည်။ မဟာဗျူဟာစီမံကိန်းရည်မှန်းချက်များ အောင်မြင်စေရေးအတွက် နှစ်စဉ် မဟာဗျူဟာလုပ်ငန်းအစီအစဉ်များ ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ မဟာဗျူဟာစီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်သည့် ပဉ္စမနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၂ ခုနှစ်) ကို ရေးဆွဲထုတ်ပြန်လိုက်ပါသည်။

ငါးနှစ်တာတရားစီရင်ရေးမဟာဗျူဟာစီမံကိန်း(၂၀၁၈-၂၀၂၂) တွင် တရားစီရင်ရေး၏ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များ၊ တန်ဖိုးများ ရရှိအောင်မြင်စေရန်အတွက် မဟာဗျူဟာလုပ်ငန်းနယ်ပယ် (၅) ရပ်ကို သတ်မှတ်ထားရာ ယင်းတို့မှာ-

- တရားရုံးဝန်ဆောင်မှုများ အများပြည်သူလက်လှမ်းမီနိုင်မှုကို လွယ်ကူတိုးတက်စေရေး ဆောင်ရွက်ပေးရန်
- အများပြည်သူ၏ အသိအမြင်ကို မြှင့်တင်ပေးရန်
- တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုနှင့် စီမံခန့်ခွဲနိုင်မှုစွမ်းရည် မြှင့်တင်ရန်
- တရားစီရင်ရေး၏ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံယူနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို မြှင့်တင်ပေးရန်
- ထိရောက်သော မှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးကဆောင်ရွက်သော အထူးမှုခင်းကိစ္စရပ်တို့ကို တိုးမြှင့်ဆောင်ရွက်ရန်တို့ဖြစ်ပါသည်။

အဆိုပါ မဟာဗျူဟာလုပ်ငန်းနယ်ပယ် (၅) ရပ်ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းအစီအစဉ်များကို အရေးကြီးမှု အစီအစဉ်အလိုက် ဦးစားပေးအဆင့်များသတ်မှတ်၍ နှစ်အလိုက်အကောင်အထည်ဖော်ခဲ့ရာ ထိုက်သင့်သည့်အောင်မြင်မှုများလည်း ရရှိနေပြီ ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ်တွင် ဦးစားပေးအဆင့် (၁) အစီအစဉ်များကိုလည်းကောင်း၊ ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ခုနှစ်များတွင် ဦးစားပေးအဆင့် (၂) အစီအစဉ်များကို လည်းကောင်း၊ ၂၀၂၁ ခုနှစ်တွင် ဦးစားပေးအဆင့် (၃) အစီအစဉ်များကိုလည်းကောင်း ထည့်သွင်းအကောင်အထည်ဖော်ခဲ့ပြီး မဟာဗျူဟာစီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်သည့် ၂၀၂၂ ခုနှစ်တွင် ဦးစားပေးအဆင့် (၃) အစီအစဉ်များ၊ ယခင်နှစ်များက မပြီးပြတ်သေးသောလုပ်ငန်းအစီအစဉ်များကို ဆက်လက်

ဆောင်ရွက်ရန်နှင့် အသစ်ထပ်မံဆောင်ရွက်ရန်ကိစ္စများကိုလည်း ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထိုသို့ စဉ်ဆက်မပြတ် ကြိုးစားဆောင်ရွက်သွားမှသာ ကျွန်ုပ်တို့မျှော်မှန်းသည့် တရားစီရင်ရေး ရည်မှန်းချက်ပန်းတိုင်သို့ အဆင်ပြေချောမွေ့စွာ ရောက်ရှိနိုင်မည်ဖြစ်ပါသည်။

မဟာဗျူဟာစီမံကိန်းအရ မှုခင်းစီမံခန့်ခွဲမှုစနစ်ကျင့်သုံးရေးအစီအစဉ်ကို ဆောင်ရွက်ခဲ့ရာ ၂၀၁၈ ခုနှစ်တွင် တရားရုံးပေါင်း (၂၆) ရုံး၊ ၂၀၁၉ ခုနှစ်တွင် တရားရုံးပေါင်း (၄၈) ရုံး၊ ၂၀၂၀ ခုနှစ်တွင် တရားရုံးပေါင်း (၁၃၄) ရုံး နှင့် ၂၀၂၁ ခုနှစ်တွင် တရားရုံးပေါင်း (၁၂၆) ရုံး တို့၌ မှုခင်းစီမံခန့်ခွဲမှုစနစ်ကို ကျင့်သုံးလျက် ရှိပါသည်။ ၂၀၂၂ ခုနှစ်တွင်လည်း ကျန်ရှိနေသည့်ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများကို မှုခင်းစီမံခန့်ခွဲမှုစနစ်ကျင့်သုံးသည့် တရားရုံးများအဖြစ် အပြီးသတ် တိုးချဲ့အကောင်အထည်ဖော်မည်ဖြစ်ရာ နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုစနစ်အနေဖြင့် တစ်နိုင်ငံလုံးလွှမ်းခြုံလာမည် ဖြစ်ပါသည်။ ထို့ပြင် တရားရုံးကဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးစနစ်ကိုလည်း ရန်ကုန်နှင့်မန္တလေးတိုင်းဒေသကြီးများတွင် အကောင်အထည်ဖော်လျက်ရှိရာ ယခုနှစ်တွင်ဆောင်ရွက်ရန်လျာထားသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင်လည်း စေ့စပ်ဖြေရှင်းရေးဌာနများဖွင့်လှစ်၍ ဆက်လက်အကောင်အထည်ဖော်မည်ဖြစ်ပါသည်။ ထို့ပြင် စေ့စပ်ဖြေရှင်းရေးအပါအဝင် အငြင်းပွားမှုများကိုအခြားနည်းလမ်းဖြင့်ဖြေရှင်းရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် သီးခြားဌာနတစ်ရပ်တိုးချဲ့ဆောင်ရွက်ရန် လျာထားလျက်ရှိပေရာ တရားစီရင်ရေးကဏ္ဍအနေဖြင့် အများပြည်သူအတွက် တရားမျှတမှုလက်လှမ်းမီရေးကို စနစ်တကျဖြည့်ဆည်းပေးရန် ဆောင်ရွက်လျက်ရှိကြောင်း မြင်သာပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် ငါးနှစ်တာတရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂) ကို လုပ်ငန်းအစီအစဉ်များသတ်မှတ်၍ နှစ်အလိုက်အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီးဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan – MSDP) ၏ အမျိုးသားညွှန်ကိန်းမူဘောင် နှင့် ကိုက်ညီသည့် လုပ်ငန်းအစီအစဉ်များကိုလည်း ထည့်သွင်းဆောင်ရွက်ထားပေရာ ကျွန်ုပ်တို့အနေဖြင့် တရားစီရင်ရေးရည်မှန်းချက်ပန်းတိုင်သို့ အောင်မြင်စွာရောက်ရှိရေးသာမက မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီးဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အလေးထားဆောင်ရွက်လျက်ရှိကြောင်း ထင်ရှားပါသည်။

ယခုနှစ် ၂၀၂၂ ခုနှစ်သည် ငါးနှစ်တာတရားစီရင်ရေးမဟာဗျူဟာစီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်သဖြင့် အရေးကြီးမှုအစီအစဉ်အလိုက် ဦးစားပေးအဆင့်များသတ်မှတ်ချက်အတိုင်း အကောင်အထည်ဖော်ရမည့်အပြင် မဟာဗျူဟာစီမံကိန်း၏ လုပ်ငန်းအစီအစဉ်အားလုံး ပါဝင်အကောင်အထည်ဖော်ရမည်ဖြစ်ပါသည်။ ထို့ပြင် လုပ်ငန်းသစ်အနေနှင့် လက်ရှိမဟာဗျူဟာစီမံကိန်းကို ပြန်လည်သုံးသပ်ဆောင်ရွက်ရမည့်အပြင် တရားစီရင်ရေးမဟာဗျူဟာစီမံကိန်းအသစ်အတွက်လျာထားသည့်(၂၀၂၃-၂၀၂၇) ကိုရေးဆွဲရေးနှင့် အဆိုပါစီမံကိန်း၏ ပထမနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၃) ကို ရေးဆွဲရေးတို့မှာ ယခုနှစ်အတွက် ဦးစားပေးလုပ်ဆောင်ရမည့် လုပ်ငန်းအစီအစဉ်သစ်များပင် ဖြစ်ပါသည်။ သို့ပါ၍ ပဉ္စမနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ်(၂၀၂၂ ခုနှစ်) ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဦးဆောင်မှုဖြင့် ပြည်ထောင်စုတရားသူကြီးချုပ်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စု

တရားစီရင်ရေးကြီးကြပ်မှုရုံးတို့မှ ဌာနအသီးသီး၊ လုပ်ငန်းအဖွဲ့အသီးသီးနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးတရားလွှတ်တော်များက သက်ဆိုင်ရာလုပ်ငန်းအစီအစဉ်အလိုက် အောင်မြင်စေရန် အကောင်အထည်ဖော်ဆောင်ရွက်ကြမည်ဖြစ်သည့်အတွက် များစွာဂုဏ်ယူမိသကဲ့သို့ ယခင်နှစ်များ၏ အတွေ့အကြုံ၊ အောင်မြင်မှုများအပေါ် အခြေခံ၍ ဆောင်ရွက်ကြမည်ဖြစ်သဖြင့် မဟာဗျူဟာလုပ်ငန်းအစီအစဉ်များ အောင်မြင်မည်ဖြစ်ကြောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ခိုင်မာစွာယုံကြည်မိပါသည်။ ထိုသို့ မဟာဗျူဟာစီမံကိန်းကိုအခြေပြုပြီး လုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော်ရာတွင် တရားစီရင်ရေးကဏ္ဍနှင့် အကျိုးသက်ဆိုင်သူများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများအကြား ပိုမိုအားကောင်းသော ပေါင်းစပ်ညှိနှိုင်းမှုများနှင့် မဟာဗျူဟာလုပ်ငန်းအစီအစဉ်များအား အတူတကွ ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

**မဟာဗျူဟာလုပ်ငန်းနယ်ပယ် ၁၊ တရားရုံးဝန်ဆောင်မှုများ အများပြည်သူလက်လှမ်းမီနိုင်မှုကို လွယ်ကူတိုးတက်စေရေး ဆောင်ရွက်ပေးရန်**

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေးအဆင့် | တာဝန်ရှိသူများ | ရလဒ်တိုင်းတာချက်များ |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၁.၁ ထိရောက်သောဥပဒေဆိုင်ရာ အထောက်အကူပေးရေးစနစ် တည်ထောင်ရန်** | ၁.၁.၁ နိုင်ငံတစ်ဝန်းတွင်ထိရောက်သော ဥပဒေဆိုင်ရာ အထောက်အကူပေးရေးစနစ်တစ်ရပ်ကို စီမံဆောင်ရွက်ရန် ပြည်ထောင်စု ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့အား ကူညီဆောင်ရွက်ပေးခြင်း | • ဥပဒေအထောက်အကူပြုအဖွဲ့များ၏လုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရန် ဆက်လက်ကူညီခြင်း | ဦးစားပေး အဆင့် ၁ | HCs+DCs+TCs | အချိန်မီပြီးစီးမှု |
| **မဟာဗျူဟာရည်မှန်းချက် ၁.၂ တရားရုံးအသုံးပြုသူများ လက်လှမ်းမီနိုင်မှုတိုးတက်စေရန်** | ၁.၂.၁ တရားရုံးများတွင်ခေတ်မီ အများပြည်သူဆိုင်ရာသတင်းအချက်အလက်ကောင်တာများ နှင့်အမှုလက်ခံဌာနများ တည်ထောင်ခြင်း | • တရားရုံးအသစ်များတွင် သတင်းအချက်အလက်ကောင်တာများနှင့် အမှုလက်ခံကောင်တာများ တည်ထောင်ခြင်း<br>• သတင်းအချက်အလက်ကောင်တာများနှင့် အမှုလက်ခံကောင်တာများကို ထိရောက်စွာအသုံးချစေရေးအတွက် ကြီးကြပ်မှုပေးခြင်း | ဦးစားပေး အဆင့် ၁ | BLDP+HCs<br>HCs | တည်ထောင်ပြီးအရေအတွက် + တရားရုံးအသုံးပြုသူများ၏ စိတ်ကျေနပ်မှု |
| | ၁.၂.၂ အများပြည်သူအတွက် နည်းပညာသုံး မှုခင်းသတင်း အချက်အလက်စနစ် ဆောင်ရွက်ခြင်း | • တရားလွှတ်တော်များတွင် တရားစီရင်ရေးဆိုင်ရာ သတင်းအချက်အလက်များကို ကိုယ်တိုင်ရှာဖွေနိုင်သော Touch Screen Display များ တပ်ဆင်ခြင်း | ဦးစားပေး အဆင့် ၁ | e-Gov+HCs | အချိန်မီပြီးစီးမှု |

**မဟာဗျူဟာလုပ်ငန်းနယ်ပယ်၁၊ တရားရုံးဝန်ဆောင်မှုများ အများပြည်သူလက်လှမ်းမီနိုင်မှုကို လွယ်ကူတိုးတက်စေရေး ဆောင်ရွက်ပေးရန်**

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေးအဆင့် | တာဝန်ရှိသူများ | ရလဒ်တိုင်းတာချက်များ |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၁. ၃ တရားရုံးသို့ လာရောက်သူများအားယဉ်ကျေးလိုက်လျောစွာဆက်ဆံရန်** | ၁.၃.၁ တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများအတွက် ဝန်ဆောင်မှုသင်တန်း ဆက်လက်ပေးခြင်း | • တိုင်းဒေသကြီး/ပြည်နယ်များအတွက် တရားရုံးဝန်ဆောင်မှုသင်တန်းဆရာများအား ဆရာဖြစ်လေ့ကျင့်သင်ကြားပေးခြင်း<br>• ခရိုင်တရားရုံးများနှင့်မြို့နယ်တရားရုံးများအတွက်တရားရုံးဝန်ဆောင်မှု ဆင့်ပွားသင်တန်းများပေးခြင်း | ဦးစားပေး အဆင့် ၁ | CMC+HCs<br>CMC+HCs | သင်တန်းပေးပြီး အရေအတွက် + သင်တန်းတက်ရောက်သူများ၏ သုံးသပ်ချက် + တရားရုံးအသုံးပြုသူများ၏စိတ်ကျေနပ်မှု |
| **မဟာဗျူဟာရည်မှန်းချက် ၁.၄ တရားရုံးဝန်ဆောင်မှုများလက်လှမ်းမီနိုင်မှုတိုးတက်စေရေးအတွက်တရားရုံး အဆောက်အဦ အသစ်များဆောက်လုပ်ရန်နှင့် လက်ရှိအဆောက်အဦများအား ပြုပြင်မွမ်းမံရန်** | ၁.၄.၁ တရားရုံးဝန်ဆောင်မှုများ လက်လှမ်းမီနိုင်မှု တိုးတက်စေရေးအတွက် အခြေခံစံထားရှိသင့်သည့်ပုံစံ သတ်မှတ်ခြင်း | • မြေနေရာရရှိမှုအပေါ်အခြခံ၍ တရားရုံးအဆင့်ဆင့်ကို အခြေခံသတ်မှတ်ပုံစံများနှင့် အညီ တည်ဆောက်ခြင်း<br>• ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် တရားရုံးများ၊ ဝန်ထမ်းအိမ်ယာများတည်ဆောက်ခြင်း | ဦးစားပေး အဆင့် ၁ | BLDP<br>HCs+BLDP | အချိန်မီပြီးစီးမှု |
| | ၁.၄.၂ တရားရုံးတွင် ပြည့်စုံလုံလောက်မှုနှင့်စိတ်ချရမှုတို့ကို ရရှိခံစားနိုင်စေရန်တရားရုံး အထောက်အပံ့ပစ္စည်းများ ခေတ်မီအောင်ဆောင်ရွက်ခြင်း | • တရားရုံးများတွင် ကွန်ပျူတာမော်နီတာများတပ်ဆင်ခြင်း၊ Printer Ink Cartridge များ ထောက်ပံ့ခြင်း<br>• တရားရုံးအဆောက်အဦသစ်များတွင် တရားရုံးအင်္ဂါရပ်နှင့်အညီ မွမ်းမံပြင်ဆင်ခြင်း၊ လိုအပ်သောအထောက်အပံ့များ ပံ့ပိုးခြင်း<br>• ၂၀၂၁-၂၀၂၂ ခုနှစ် မှုခင်းစီမံခန့်ခွဲမှုဖြန့်ကျက်အစီအစဉ်အရ တိုးချဲ့သည့်တရားရုံးများတွင် အိုင်တီပစ္စည်းများကူညီထောက်ပံ့ခြင်း | ဦးစားပေး အဆင့် ၁ | BLDP+HCs<br>BLDP<br>CMC+ IPRDP+ e-Gov+ BLDP | ဆောင်ရွက်ပြီး အရေအတွက် |

မဟာဗျူဟာလုပ်ငန်းနယ်ပယ် ၂၊ အများပြည်သူ၏အသိအမြင်ကို မြှင့်တင်ပေးရန်

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ်တိုင်းတာ ချက်များ |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၂.၁ သတင်းမီဒီယာ၊အများပြည်သူ တို့နှင့်ဆက်ဆံပြောဆိုမှု တိုးတက်စေရန်** | ၂.၁.၁ တရားသူကြီးများကို မီဒီယာဆက်ဆံရေး ကျွမ်းကျင်မှု သင်တန်းပေးခြင်း | • ဒုတိယမြို့နယ်တရားသူကြီးများလုပ်ငန်းဝင်သင်တန်းတွင် မီဒီယာဆက်ဆံရေး ကျွမ်းကျင်မှုသင်တန်းပေးခြင်း<br>• တရားလွှတ်တော်များတွင် မီဒီယာဆက်ဆံရေးကျွမ်းကျင်မှု ဆင့်ပွားသင်တန်းများ ပေးခြင်း | ဦးစားပေး အဆင့် ၁ | IPRDP+ TDP<br><br>IPRDP+ HCs | သင်တန်းပေးပြီး အရေအတွက်+ စမ်းသပ်စစ်ဆေးမှုများ |
| | ၂.၁.၂ တရားရုံးများတွင် အများ ပြည်သူဆိုင်ရာ သတင်းအချက် အလက် ဝန်ဆောင်မှုများ တိုးတက်စေခြင်း | • တရားစီရင်ရေးကဏ္ဍ၏ ဆောင်ရွက်ချက်များအပေါ် တိကျမှန်ကန်သော သတင်း အချက်အလက်များကို မီဒီယာများမှတစ်ဆင့် အများပြည်သူသိရှိအောင် ဆောင် ရွက်ခြင်း | ဦးစားပေး အဆင့် ၁ | IPRDP+All Courts | ပြည်သူများ၏ စိတ်ကျေနပ်မှု+ ထိတွေ့ဆက်ဆံမှု အရေအတွက် |
| | ၂.၁.၃ အများပြည်သူဆိုင်ရာ သတင်းအချက်အလက် အစီအစဉ် တိုးချဲ့ဆောင်ရွက်ခြင်း | • ကူးသန်းရောင်းဝယ်ရေးဆိုင်ရာအမှုများ၏ စီရင်ချက်များ Online လွှင့်တင်ခြင်း ကို ဆက်လက်ဆောင်ရွက်ခြင်း<br>• တရားရေးဂျာနယ် နှင့် နှစ်စဉ်စီရင်ထုံး ထုတ်ဝေခြင်း<br>• ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၂၁ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ ထုတ်ဝေခြင်း<br>• တရားလွှတ်တော်များအလိုက် တရားရုံးနှစ်စဉ်အစီရင်ခံစာများ ထုတ်ဝေခြင်း<br>• ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အင်တာနက်စာမျက်နှာတွင် ဒီဇိုင်းပုံစံများ၊ ဝန်ဆောင်မှုများ၊ သတင်းအချက်အလက်များ တိုးမြှင့်လွှင့်တင်ခြင်း<br>• တရားရုံးသတင်းအချက်အလက်ဆိုင်ရာစနစ် (Court Information System) အဆင့်မြှင့်တင်ခြင်း<br>• လူမွဲခံယူခြင်းဆိုင်ရာဥပဒေနှင့်စပ်လျဉ်း၍အများပြည်သူသို့ အသိပညာပေးရေး အတွက် ရိုးရှင်း၍နားလည်ရလွယ်ကူသော slide များဖြင့် website တင်ရန် ဆောင်ရွက်ခြင်း | ဦးစားပေး အဆင့် ၁ | OUCJ+CJDP+e-Gov+ CMWG(CJ)+All Courts<br>LPDP<br>CART+IR&RDP<br><br>HCs<br>IPRDP+e-Gov<br><br>e-Gov<br><br>LPDP+ILWG+IPRDP | တိုးတက်မှုအဆင့်နှင့် အချိန်မီပြီးစီးမှု |

မဟာဗျူဟာလုပ်ငန်းနယ်ပယ် ၂၊ အများပြည်သူ၏အသိအမြင်ကို မြှင့်တင်ပေးရန်

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ်တိုင်းတာ ချက်များ |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၂.၂**<br>**တရားရုံးသတင်းအချက်အလက် ဆိုင်ရာရပ်ရွာအခြေပြုအစီအစဉ် များ မြှင့်တင်ဆောင်ရွက်ရန်** | ၂.၂.၁ အများပြည်သူ အထောက်အကူပြုအစီအစဉ် များဆောင်ရွက်ခြင်း | • တရားရုံးအသုံးပြုသူများက တရားရုံးနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များ ကို အလွယ်တကူသိရှိနိုင်ရန် လက်ကမ်းစာစောင်များ၊ ဗီနိုင်းများ၊ လမ်းညွှန် အမှတ်အသားများထားရှိခြင်း<br>• နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ် သင်တန်းဆရာများနှင့် ညှိနှိုင်းရေးမှူးများ အား သင့်လျော်သည့်အသုံးချလမ်းညွှန်ချက်များအတွက် သင်တန်းပေးခြင်း | ဦးစားပေး အဆင့် ၁ | All Courts<br>CMC+e-Gov | အများပြည်သူစိတ် ကျေနပ်မှု +<br>အစီအစဉ် အရေအတွက် |
| | ၂.၂.၂ မြန်မာနိုင်ငံတရားသူကြီး များအတွက်တရားစီရင်ရေး ကျင့်ဝတ်အပေါ် အများပြည်သူ အသိအမြင်တိုးမြှင့်ပေးသည့် အစီအစဉ်များဆောင်ရွက်ခြင်း | • မြန်မာတရားသူကြီးများအတွက် တရားစီရင်ရေးကျင့်ဝတ်ကို အများပြည်သူ သိရှိ စေရန် တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များ၏ website များတွင် လွှင့်တင်ခြင်း | ဦးစားပေး အဆင့် ၁ | ECWG+HCs | အချိန်မီပြီးစီးမှု |
| | ၂.၂.၃ တရားရုံးသတင်းအချက် အလက်များကို တိုင်းရင်းသား ဘာသာစကားများဖြင့် ဆောင်ရွက်ပေးခြင်း | • တရားရုံးသတင်းအချက်အလက်များကို တိုင်းရင်းသားဘာသာစကားများဖြင့် ဆက်လက်ဖြန့်ဝေပေးခြင်း | ဦးစားပေး အဆင့် ၁ | IPRDP+HCs | ဖြန့်ဝေမှု အရေအတွက် |

## မဟာဗျူဟာလုပ်ငန်းနယ်ပယ်၃၊ တရားစီရင်ရေး၏ လွတ်လပ်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည် မြှင့်တင်ရန်

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ်တိုင်းတာချက်များ |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၃.၁ တရားစီရင်ရေးကိုခိုင်မာ၍ ယုံကြည်ထိုက်သောလွတ်လပ်သည့်အဖွဲ့အစည်းတစ်ရပ် အဖြစ်တိုးမြှင့်ဖော်ဆောင်ရန်** | ၃.၁.၁ တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှု၏လက်ရှိအနေအထားကို ဆန်းစစ်အကဲဖြတ်ခြင်း | • တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှု၏လက်ရှိအနေအထားကို ဆန်းစစ်အကဲဖြတ်နိုင်ရန် တည်ဆဲဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် လက်တွေ့ကျင့်သုံးမှုများအပေါ် သုတေသနပြုလုပ်ခြင်း | ဦးစားပေး အဆင့် ၁ | IR&RDP | အချိန်မီပြီးစီးမှု |
| | ၃.၁.၂ ကောင်းမွန်စွာလုပ်ဆောင်နိုင်ပြီး လွတ်လပ်သည့်တရားစီရင်ရေးအဖြစ်တိုးတက်ဖြစ်ပေါ်စေရန်အခြားသောမဏ္ဍိုင်များ၊အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့်ဆက်ဆံရေးတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်း | • ကလေးသူငယ်တရားမျှတမှုရရှိရေးကဏ္ဍတွင် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပူးပေါင်းပါဝင်မှုအားကောင်းလာစေခြင်း၊ အရည်အသွေးပြည့်တရားမျှတမှုကို ကလေးသူငယ်များလက်လှမ်းမီမှုတိုးတက်စေရေးအတွက် ကလေးသူငယ် တရားမျှတမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွေ့ဆုံပွဲများကို ပုံမှန်လုပ်ဆောင်ခြင်း | ဦးစားပေး အဆင့် ၁ | OUJS+ HCs | တွေ့ဆုံမှုအရေအတွက်+ အကျိုးသက်ဆိုင်သူများ၏သဘောထားအမြင် |
| | ၃.၁.၃ အပြည်ပြည်ဆိုင်ရာ တရားရေးအဖွဲ့အစည်းများနှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်း | • ဒေသတွင်းတရားစီရင်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း<br>• နှစ်နိုင်ငံနားလည်မှုစာချွန်လွှာများချုပ်ဆိုရန်နှင့် အကောင်အထည်ဖော်ရန်ဆောင်ရွက်ခြင်း | ဦးစားပေး အဆင့် ၁ | USC+OUSC+OUJS+ IR&RDP<br>USC+OUSC+OUJS+ IR&RDP+ IPs | ပူးပေါင်းဆောင်ရွက်မှုအရေအတွက် |

**မဟာဗျူဟာလုပ်ငန်းနယ်ပယ်၃၊ တရားစီရင်ရေး၏ လွတ်လပ်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည် မြှင့်တင်ရန်**

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေးအဆင့် | တာဝန်ရှိသူများ | ရလဒ်တိုင်းတာချက်များ |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၃.၁ တရားစီရင်ရေးကိုခိုင်မာ၍ ယုံကြည်ထိုက်သောလွတ်လပ်သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် တိုးမြှင့်ဖော်ဆောင်ရန်** | ၃.၁.၄ တရားစီရင်ရေးကဏ္ဍနှင့် သက်ဆိုင်သည့်ဥပဒေမူကြမ်း၊ နည်းဥပဒေနှင့်လုပ်ထုံးလုပ်နည်းများရေးဆွဲခြင်းနှင့် အခြားဌာနဆိုင်ရာများသို့ သင့်လျော်သလို အကြံပြုချက်များပေးခြင်း | • စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေအရလုပ်ထုံးလုပ်နည်းများ (မူကြမ်း) ရေးဆွဲခြင်း<br>• စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေအရ မှုခင်းများစစ်ဆေးစီရင်ခြင်းဆိုင်ရာလက်စွဲစာအုပ် (QA) ရေးဆွဲခြင်း<br>• အသေးစားတောင်းဆိုခြင်းဆိုင်ရာတရားရုံးဥပဒေ ရေးဆွဲနိုင်ရေးအတွက် Policy paper (မူကြမ်း) ရေးဆွဲပြီး အတည်ပြုချက်ရယူရန်ဆောင်ရွက်ခြင်း<br>• မူပိုင်ခွင့်ဥပဒေများနှင့်စပ်လျဉ်းသည့် တရားစီရင်ရေးဆိုင်ရာ ပြန်လည်သုံးသပ်မှုအတွက် လက်စွဲစာအုပ်မူကြမ်း အချောသတ်ပြုစုခြင်း<br>• အနုညာတစီရင်ဆုံးဖြတ်ခြင်းဆိုင်ရာဥပဒေကိုအကောင်အထည်ဖော်ရန် လိုအပ်သည့် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာများ ထုတ်ပြန်နိုင်ရန်ဆောင်ရွက်ခြင်း<br>• အနုညာတစီရင်ဆုံးဖြတ်ခြင်းဆိုင်ရာဥပဒေအတွက် Case Study Book နှင့် လက်စွဲပြုစုခြင်း | ဦးစားပေးအဆင့် ၁ | CJDP+ CMWG(IP)<br>CJDP+ CMWG(IP)<br>LPDP+ CMWG(COMML)<br>CJDP+ CMWG(IP)<br>LPDP+ Arbi-WG<br>LPDP+ Arbi-WG | နည်းဥပဒေ၊ ညွှန်ကြားချက်များ ထုတ်ပြန်နိုင်မှုနှင့် အချိန်မီပြီးစီးမှု |
| **မဟာဗျူဟာရည်မှန်းချက် ၃.၂ တရားရုံးဘတ်ဂျက်ကိုပွင့်လင်းမြင်သာ၍တာဝန်ယူမှုဖြင့်အဆိုပြုရန်၊ ထောက်ခံတင်ပြရန်နှင့် စီမံခန့်ခွဲရန်** | ၃.၂.၁ ဘတ်ဂျက်ဦးစားပေးအစီအစဉ်များသတ်မှတ်၍ပေါင်းစည်းထားသည့်မဟာဗျူဟာစီမံကိန်းလုပ်ငန်းစဉ်များကိုသုံးသပ်ခြင်း | • မဟာဗျူဟာစီမံကိန်းလုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်ရန် နှစ်စဉ်ဘတ်ဂျက်ရေးဆွဲပြင်ဆင်ခြင်းနှင့် ဘတ်ဂျက်တောင်းခံလွှာရေးသားခြင်း<br>• မဟာဗျူဟာစီမံကိန်းအကောင်အထည်ဖော်ရေးအတွက် ဘတ်ဂျက်ကို ဦးစားပေးအစီအစဉ်အတိုင်းခွဲဝေပေးခြင်း | ဦးစားပေးအဆင့် ၁ | SPIC+BLDP<br>SPIC+BLDP | မဟာဗျူဟာစီမံကိန်းနှင့်ဘတ်ဂျက်ဦးစားပေးအစီအစဉ်တို့ တိုက်ရိုက်ချိတ်ဆက်နိုင်မှု |
| | ၃.၂.၂ တရားရုံးဘတ်ဂျက်ကိုစီမံခန့်ခွဲရန် တရားရုံးအရာထမ်း၊ အမှုထမ်းများ၏စွမ်းရည်တိုးတက်မြင့်မားအောင်ဆောင်ရွက်ခြင်း | • တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များက ဦးဆောင်၍ ငွေစာရင်းဆိုင်ရာသင်တန်းများဖွင့်လှစ်ပေးခြင်း | ဦးစားပေးအဆင့် ၁ | HCs | သင်တန်းပေးပြီးအရေအတွက် |
| | ၃.၂.၃ လက်ရှိမဟာဗျူဟာစီမံကိန်းအား ပြန်လည်သုံးသပ်ခြင်း နှင့် မဟာဗျူဟာစီမံကိန်းအသစ်ရေးဆွဲခြင်း | • တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း(၂၀၁၈-၂၀၂၂ ခုနှစ်) အား ပြန်လည်သုံးသပ်ခြင်း<br>• တရားစီရင်ရေးမဟာဗျူဟာစီမံကိန်းအသစ် (၂၀၂၃ -၂၀၂၇ ခုနှစ်) ရေးဆွဲခြင်းနှင့် ပထမနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ်(၂၀၂၃) ရေးဆွဲခြင်း | ဦးစားပေးအဆင့် ၁ | SPIC+IR&RDP<br>SPIC+IR&RDP | အချိန်မီပြီးစီးမှု |

## မဟာဗျူဟာလုပ်ငန်းနယ်ပယ်၃၊ တရားစီရင်ရေး၏ လွတ်လပ်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည် မြှင့်တင်ရန်

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ်တိုင်းတာ ချက်များ |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၃.၃ တရားစီရင်ရေးအတွက် ထိရောက်အကျိုးရှိသည့် စီမံခန့်ခွဲမှုဆိုင်ရာစွမ်းရည်များ မြှင့်တင်ပေးရန်** | ၃.၃.၁ တရားစီရင်ရေးတစ်ရပ်လုံး၏ IT Master Plan အရ ငါးနှစ်စီမံကိန်းကိုအကောင်အထည်ဖော်ဆောင်ရွက်ခြင်း | • ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသောစနစ်များကို Security Operation Center (SOC) ဖြင့် လုံခြုံမှုအဆင့်မြှင့်တင်ခြင်း<br>• တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော် (၂) ခု၌ Network Infrastructure များ တည်ဆောက်ခြင်း<br>• တရားရုံး (၁၀၃) ရုံးတွင် Internet Access ရရှိစေရန် Fiber Cable သွယ်တန်းခြင်း<br>• တရားစီရင်ရေးနယ်ပယ်တွင် ICT နည်းပညာများအသုံးပြုနိုင်ရေးအတွက် Feasibility Assessment /Study ပြုလုပ်ဆောင်ရွက်ခြင်း<br>• ရှေ့နေရှေ့ရပ်များမှတ်ပုံတင်ခြင်း၊ စီမံခန့်ခွဲခြင်းစနစ်ရေးဆွဲခြင်းနှင့် ဖွံ့ဖြိုးတိုးတက်စေခြင်း တို့ကို ဆောင်ရွက်ခြင်း | ဦးစားပေး အဆင့် ၁ | e-Gov<br>e-Gov+ HCs<br>e-Gov+ BLDP<br>e-Gov<br>LIDP+ e-Gov | အချိန်မီပြီးစီးမှု |
| | ၃.၃.၂ နည်းပညာသုံးမှုခင်းစီမံခန့်ခွဲမှုစနစ် (ACMS) စတင်ဆောင်ရွက်ခြင်းနှင့်အကောင်အထည်ဖော်ခြင်း | • Data Collection System (DCS) မှုခင်းအချက်အလက်စနစ်၊ Case Management System(CMS) မှုခင်းစီမံခန့်ခွဲမှုစနစ်နှင့် Automated Case Management System(ACMS) အလိုအလျောက်မှုခင်းစီမံခန့်ခွဲသောစနစ်တို့ကို စနစ်တကျပေါင်းစပ်၍ တရားရုံးအဆင့်ဆင့်တွင် အသုံးပြုနိုင်သော (CMS) မှုခင်းစီမံခန့်ခွဲမှုစနစ်ကို ပြင်ဆင်ဆောင်ရွက်ခြင်း | ဦးစားပေး အဆင့် ၁ | CrJDP+ CJDP+ WDP+ e-Gov | အချိန်မီပြီးစီးမှု |
| | ၃.၃.၃ တရားရုံးအရာထမ်း၊ အမှုထမ်းများအတွက်စီမံခန့်ခွဲမှုနှင့်နည်းပညာစွမ်းရည်ဆိုင်ရာ သင်တန်းများဆက်လက်ပေးခြင်း | • တရားရေးအရာထမ်း၊ တရားသူကြီးများနှင့် ဝန်ထမ်းများအား နည်းပညာဆိုင်ရာသင်တန်းများ၊ Office 365 အသုံးပြုနည်းသင်တန်းများ၊ Video Conferencing System အသုံးပြုနည်း သင်တန်းများပေးခြင်း | ဦးစားပေး အဆင့် ၁ | e-Gov | သင်တန်းပေးပြီး အရေအတွက် |
| | ၃.၃.၄ လူ့စွမ်းအားအရင်းအမြစ်များကိုထိရောက်စွာခွဲဝေချထားနိုင်ရေးအတွက်ဆောင်ရွက်ခြင်း | • တရားရုံးဖွဲ့စည်းပုံနှင့်အညီ တရားရုံးအရာထမ်း၊ အမှုထမ်းများ ခန့်အပ်နိုင်ရေးဆောင်ရွက်ခြင်း<br>• တရားရုံးအရာထမ်း၊ အမှုထမ်းများအား တရားရုံးလုပ်ငန်းပမာဏ၊ ဘတ်ဂျက်ခွင့်ပြုချက်တို့နှင့် အညီ ခန့်အပ်နိုင်ရေး ဆောင်ရွက်ခြင်း | ဦးစားပေး အဆင့် ၁ | ADP+ HCs | ခန့်ထားပြီးစီးမှု အရေအတွက် |

## မဟာဗျူဟာလုပ်ငန်းနယ်ပယ် ၄၊ တရားစီရင်ရေး၏ ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံယူနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကိုမြှင့်တင်ပေးရန်

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေးအဆင့် | တာဝန်ရှိသူများ | ရလဒ်တိုင်းတာချက်များ |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၄.၁ တရားသူကြီးများ၊ တရားရုံးဝန်ထမ်းများ၏ကျင့်ဝတ်ပိုင်းနှင့်ပညာရပ်ဆိုင်ရာတိုးတက်မှုမြင့်မားစေရန်** | ၄.၁.၁ တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများ၏ ကျင့်ဝတ်ပိုင်းဆိုင်ရာတိုးတက်မှုအတွက် ပံ့ပိုးကူညီခြင်း | • ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကဦးဆောင်၍ တရားစီရင်ရေးကျင့်ဝတ် လေ့ကျင့်သင်ကြားရေးကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြန့်ကျက်ဆောင်ရွက်ခြင်း | ဦးစားပေးအဆင့် ၁ | ADP+ HCs | အချိန်မီပြီးစီးမှု + သင်တန်းအရေအတွက် |
| | ၄.၁.၂ တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများ၏ ပညာရပ်ပိုင်းဆိုင်ရာတိုးတက်မှုအတွက် ပံ့ပိုးကူညီခြင်း | • တရားစီရင်ရေးဂုဏ်သိက္ခာနှင့် ပညာရပ်ကျွမ်းကျင်မှုဆိုင်ရာနယ်ပယ်များ၌ သင်တန်းများ၊ စွမ်းရည်မြှင့်တင်ခြင်းများဆောင်ရွက်ခြင်း | ဦးစားပေးအဆင့် ၁ | ADP+ TDP | အချိန်မီပြီးစီးမှု |
| **မဟာဗျူဟာရည်မှန်းချက် ၄.၂ တရားရုံးအရာထမ်း၊အမှုထမ်းများ၏တရားစီရင်ရေးနှင့်ပညာရပ်ပိုင်းဆိုင်ရာကျွမ်းကျင်မှုများနှင့်အရည်အသွေးများမြင့်မားစေရေးဆက်လက်ဆောင်ရွက်ရန်** | ၄.၂.၁ တရားရုံးစာကြည့်တိုက်များ အဆင့်မြှင့်တင်ခြင်း အပါအဝင် ဥပဒေရေးရာ သုတေသနစွမ်းရည်များ တိုးတက်စေရန်ဆောင်ရွက်ခြင်း | • ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် အီလက်ထရောနစ်စာကြည့်တိုက်လုပ်ငန်းစီမံချက်ရေးဆွဲခြင်းနှင့် စနစ်တည်ဆောက်ခြင်း<br>• အမှုတွဲများနှင့် မှတ်တမ်းထားရှိရန် လိုအပ်သော စာရွက်စာတမ်းများကို Digitization ပြုလုပ်ခြင်းနှင့် အချက်အလက်သိမ်းဆည်းသည့် Database စနစ်အား တိုးတက်အောင် ဆက်လက်ဆောင်ရွက်ခြင်း<br>• မြန်မာ့တရားစီရင်ရေးသမိုင်းနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားစီရင်ရေးကဏ္ဍပြုပြင်ပြောင်းလဲမှုများနှင့်စပ်လျဉ်း၍ သုတေသန ဆက်လက်ဆောင်ရွက်ခြင်း | ဦးစားပေးအဆင့် ၁ | e-Gov+ IR&RDP<br>CrJDP+ CJDP+ WDP+ LIDP+ IR&RDP+ e-Gov<br>IR&RDP | အချိန်မီပြီးစီးမှု |
| | ၄.၂.၂ တရားစီရင်ရေးဆောင်ရွက်မှုနှင့်တာဝန်ခံယူနိုင်မှု တိုးတက်ကောင်းမွန်ရေး အထောက်အကူဖြစ်စေရန် အချက်အလက်ကောက်ယူခြင်းနှင့် လေ့လာဆန်းစစ်ခြင်း | • လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် ကျားမအခြေပြုအကြမ်းဖက်မှုများတွင် အကျုံးဝင်သော တရားစွဲဆိုမှုများနှင့်စပ်လျဉ်းသည့် အချက်အလက်များကောက်ယူခြင်း<br>• သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဥပဒေများအရ တရားစွဲဆိုမှုများနှင့်စပ်လျဉ်းသည့် အချက်အလက်များကောက်ယူခြင်း<br>• တရားရုံး၏အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်မှု၊ တရားရုံးဝန်ဆောင်မှုနှင့် ပြည်သူများလက်လှမ်းမီမှုအပေါ် အမှုသည်နှင့်ပြည်သူများ၏ကျေနပ်မှုကို စစ်တမ်းကောက်ယူခြင်း | ဦးစားပေးအဆင့် ၁ | CrJDP+ IR&RDP<br>CrJDP+ IR&RDP<br>CMC+ HCs+ DCs+ TCs | အချိန်မီပြီးစီးမှု |

**မဟာဗျူဟာလုပ်ငန်းနယ်ပယ်(၄)၊ တရားစီရင်ရေး၏ ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံယူနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကိုမြှင့်တင်ပေးရန်**

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ်တိုင်းတာ ချက်များ |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၄.၂**<br>**တရားရုံးအရာထမ်း၊အမှုထမ်းများ၏တရားစီရင်ရေးနှင့်ပညာရပ်ပိုင်းဆိုင်ရာကျွမ်းကျင်မှုများနှင့်အရည်အသွေးများမြင့်မားစေရေးဆက်လက်ဆောင်ရွက်ရန်** | ၄.၂.၃ တရားသူကြီးများအတွက် တရားစီရင်ရေးနှင့် ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများ တိုးတက်လာစေရန် သီးသန့်သင်တန်းများ ပေးခြင်း | • တရားသူကြီးများအတွက် မွမ်းမံသင်တန်းများနှင့် ဒုတိယမြို့နယ်တရားသူကြီးများအတွက် လုပ်ငန်းဝင်သင်တန်းများပေးခြင်း<br>• အာဆီယံတရားသူကြီးချုပ်များကောင်စီ၊ တရားစီရင်ရေးဆိုင်ရာလေ့ကျင့်ခြင်းနှင့် သင်ကြားပေးခြင်းလုပ်ငန်းအဖွဲ့၏ မဟာဗျူဟာစီမံကိန်းနှင့် လုပ်ငန်းအစီအစဉ်အရ လေ့ကျင့်သင်ကြားပေးခြင်း<br>• အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်း<br>• မြန်မာကုမ္ပဏီများဥပဒေ၊ လူမွဲခံယူခြင်းဆိုင်ရာဥပဒေများ၏ အဓိပ္ပာယ်၊ မူဝါဒများနှင့် အသုံးချခြင်းတို့ပါဝင်သော တရားရေး၊ ဥပဒေရေးရာနှင့် စာရင်းအင်းဆိုင်ရာ ပညာရှင်များအတွက် ရည်ညွှန်းစာအုပ်အဖြစ် အသုံးပြုနိုင်မည့် ကုမ္ပဏီနှင့် လူမွဲဆိုင်ရာဥပဒေများဆိုင်ရာ လမ်းညွှန်စာအုပ်ပြုစုခြင်းနှင့် ထိုလမ်းညွှန်နှင့်အညီ သင်တန်းပေးခြင်း<br>• အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဥပဒေများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်းနှင့် ပုံမှန်သင်တန်းများတွင် ထည့်သွင်းပို့ချခြင်း<br>• "တရားရုံးသက်သေအထူးစစ်မေးခန်းအသုံးပြု၍ သက်သေစစ်မေးခြင်းလမ်းညွှန်" အား တရားရေးသင်တန်းများတွင် ထည့်သွင်းပို့ချခြင်း<br>• Singapore State Court များ၏ Small Claims Tribunals အကြောင်းကို လေ့လာခြင်း | ဦးစားပေး အဆင့် ၁ | TDP<br>TDP+ IR&RDP+ CACJ-JETWG<br>LPDP+ Arbi-WG<br>LPDP+ ILWG+ CMWG (COMML)<br>TDP+ CMWG(IP)<br>CrJDP+ TDP<br>LPDP+ CMWG(COMML) | သင်တန်း အရေအတွက်<br>+<br>သင်တန်းတက်ရောက်သူများ၏ အကဲဖြတ် သုံးသပ်ချက်<br>+<br>အချိန်မီပြီးစီးမှု |

မဟာဗျူဟာလုပ်ငန်းနယ်ပယ် ၄၊ တရားစီရင်ရေး၏ ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံယူနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကိုမြှင့်တင်ပေးရန်

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ်တိုင်းတာ ချက်များ |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၄.၂**<br>**တရားရုံးအရာထမ်း၊အမှုထမ်းများ၏တရားစီရင်ရေးနှင့်ပညာရပ်ပိုင်းဆိုင်ရာကျွမ်းကျင်မှုများနှင့်အရည်အသွေးများမြင့်မားစေရေးဆက်လက်ဆောင်ရွက်ရန်** | ၄.၂.၄. တရားရုံးဝန်ထမ်းများ၏ စွမ်းဆောင်ရည်ပြည့်ဝစေရန်နှင့် အများပြည်သူကျေနပ်မှုမြင့်မားစေရန်သင်တန်းများဆက်လက်ပေးခြင်း | • တရားရုံးဝန်ထမ်းများအတွက် တည်ဆဲလေ့ကျင့်ရေးသင်ရိုးညွှန်းတမ်းကို ပြန်လည်သုံးသပ်ရေးဆွဲခြင်းနှင့် ယင်းသင်ရိုးညွှန်းတမ်းနှင့်အညီ သင်တန်းများဆက်လက်ပေးခြင်း | ဦးစားပေး အဆင့် ၁ | TDP+ HCs | သင်တန်းအရေအတွက်+ အချိန်မီပြီးစီးမှု |
| | ၄.၂.၅ တရားစီရင်ရေးဆိုင်ရာ အသိပညာပေးမှုမြှင့်တင်ခြင်း | • ဖွံ့ဖြိုးတိုးတက်လာသည့်ပညာရပ်ဆိုင်ရာနယ်ပယ်များ (CMP, Customer Service, IP အပါအဝင် Commercial Matters, Mediation, Fact-finding, etc.) တို့ကို ဒုတိယမြို့နယ်တရားသူကြီးများလုပ်ငန်းဝင်သင်တန်း၊ မြို့နယ်နှင့် ခရိုင်အဆင့် တရားသူကြီးများမွမ်းမံသင်တန်းတို့၏ သင်ရိုးညွှန်းတမ်းတွင် ပေါင်းစည်းထည့်သွင်းခြင်း<br>• တရားရုံးဝန်ထမ်းများ၏ ပညာရပ်ဆိုင်ရာ အရည်အသွေးတိုးတက်စေရန် လေ့ကျင့်သင်ကြားပေးခြင်း | ဦးစားပေး အဆင့် ၂ | TDP+ WGs<br><br>TDP+ HCs+ DCs | သင်တန်းအရေအတွက် + အချိန်မီပြီးစီးမှု |

**မဟာဗျူဟာလုပ်ငန်းနယ်ပယ်၄၊ တရားစီရင်ရေး၏ ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံယူနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကိုမြှင့်တင်ပေးရန်**

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေးအဆင့် | တာဝန်ရှိသူများ | ရလဒ်တိုင်းတာချက်များ |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၄.၃ တရားသူကြီးများနှင့်တရားရုံးဝန်ထမ်းများ၏ဘေးကင်းလုံခြုံရေးဆောင်ရွက်ပေးရန်** | ၄.၃.၁ တရားရုံးဘေးကင်းလုံခြုံမှုနှင့်စပ်လျဉ်း၍ လက်ရှိအနေအထားအပေါ် လေ့လာဆန်းစစ်ခြင်းနှင့် အကြံပြုခြင်း | • တရားရုံးများ၏ဘေးကင်းလုံခြုံမှုနှင့်စပ်လျဉ်း၍ အကဲဖြတ်မှုကိုဆက်လက်ဆောင်ရွက်ခြင်း | ဦးစားပေးအဆင့် ၁ | ADP+ All Courts | အချိန်မီဆောင်ရွက်ပြီးစီးမှု |
| | ၄.၃.၂ တရားရုံးများ၏ဘေးကင်းလုံခြုံမှုတိုးတက်စေခြင်း | • တရားရုံးများတွင် ဘေးကင်းလုံခြုံရေးစီမံချက်များရေးဆွဲခြင်းနှင့် အသစ်ဆောက်လုပ်မည့်တရားရုံးများတွင် ဘေးကင်းလုံခြုံရေးအစီအမံများထည့်သွင်းဆောက်လုပ်ခြင်း<br>• တရားရုံးများ၏ လုံခြုံရေးအတွက် CCTV ကင်မရာများ တပ်ဆင်နိုင်ရန်ဆောင်ရွက်ခြင်း | ဦးစားပေးအဆင့် ၁ | ADP+BLDP+All Courts<br>e-Gov | ဆောင်ရွက်ပြီးစီးမှုအရေအတွက် |
| | ၄.၃.၃ လုံလောက်သည့်ဝန်ထမ်းအိမ်ရာများ ပံ့ပိုးပေးခြင်း | • ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လ အထိ သဃ်န်းကျွန်းမြို့နယ်တရားရုံးဝန်ထမ်းအိမ်ရာ (၈) ခန်းတွဲ (၆) ထပ် တည်ဆောက်ခြင်း | ဦးစားပေးအဆင့် ၁ | BLDP+Ygn-HC | အချိန်မီဆောင်ရွက်ပြီးစီးမှု |
| **မဟာဗျူဟာရည်မှန်းချက်၄.၄ တရားရေးသင်တန်းကျောင်းအသစ်တည်ထောင်ရန်** | ၄.၄.၁ တရားရေးသင်တန်းကျောင်းပုံစံထုတ်ခြင်း၊ ဘဏ္ဍာရေးရှာဖွေခြင်း၊ တည်ဆောက်ခြင်းအတွက် ရေရှည်စီမံကိန်းတစ်ရပ် ရေးဆွဲခြင်း | • ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လ အထိ Judicial College Building (2) တည်ဆောက်ခြင်း | ဦးစားပေးအဆင့် ၂ | BLDP | အချိန်မီဆောင်ရွက်ပြီးစီးမှု |
| | ၄.၄.၂ တရားရေးလေ့ကျင့်ရေးသင်တန်းကျောင်းကို အကောင်အထည်ဖော်ခြင်း | • Judicial College အတွက် IT ပစ္စည်းများနှင့် ပရိဘောဂများ ထောက်ပံ့ဖြည့်တင်းပေးခြင်း | ဦးစားပေးအဆင့် ၃ | BLDP | အချိန်မီဆောင်ရွက်ပြီးစီးမှု |

**မဟာဗျူဟာလုပ်ငန်းနယ်ပယ် ၅၊ ထိရောက်သောမှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးကဆောင်ရွက်သော အထူးမှုခင်းကိစ္စရပ်တို့ကို တိုးမြှင့်ဆောင်ရွက်ရန်**

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေးအဆင့် | တာဝန်ရှိသူများ | ရလဒ်တိုင်းတာချက်များ |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၅.၁ နိုင်ငံတစ်ဝန်းတရားရုံးများတွင် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်(CMP) တစ်ရပ် အကောင်အထည်ဖော်ဆောင်ရွက်ရန်** | ၅.၁.၁ နိုင်ငံတစ်ဝန်းတရားရုံးများတွင်ရေးဆွဲထားသော CMP ကို သုံးနှစ်အတွင်းအဆင့်လိုက် အကောင်အထည်ဖော်ရန်စတင်ဆောင်ရွက်ခြင်း | • တိုင်းဒေသကြီး/ပြည်နယ်အလိုက် သတ်မှတ်ထားသော တရားရုံးများတွင် CMP ကို တရားလွှတ်တော်များ၏ အစီအစဉ်ဖြင့် အကောင်အထည်ဖော်နိုင်ရေး ဆက်လက်ဆောင်ရွက်ခြင်း<br>• မှုခင်းစီမံခန့်ခွဲမှုစစ်တမ်းနှင့် ခေတ်နှင့်အညီ မွမ်းမံထားသည့် တရားရုံးအသုံးပြုသူများ စိတ်ကျေနပ်မှုစစ်တမ်းကောက်ယူခြင်းလုပ်ထုံးလုပ်နည်းများကို စောင့်ကြည့်အကဲဖြတ်ခြင်း<br>• အကျိုးသက်ဆိုင်သူများနှင့် CMP လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲများကျင်းပခြင်း<br>• ဒေသအလိုက် အများပြည်သူနှင့်အကျိုးသက်ဆိုင်သူများကို မှုခင်းစီမံခန့်ခွဲမှုသဘောတရားများအသိပညာပေးခြင်း<br>• အယူခံတရားရုံးများအတွက် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်ရန် နည်းလမ်းရှာဖွေခြင်း | ဦးစားပေး အဆင့် ၁ | CMC+HCs<br>CMC+HCs+DCs<br>All Courts<br>All Courts<br>CMC | နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှု အစီအစဉ် အကောင် အထည် ဖော်ပြီးစီးမှု |
| | ၅.၁.၂ CMP နှင့်စပ်လျဉ်း၍ လေ့ကျင့်သင်ကြားသည့် အစီအစဉ်ဆောင်ရွက်ခြင်း | • ၂၀၂၂ ခုနှစ်တွင် CMP အစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်မည့် တရားရုံးများအတွက် တရားရုံးစစ်တမ်းကောက်ယူခြင်းသင်တန်း၊ Case Tracking Database နှင့် CMP ဆိုင်ရာ ဆင့်ပွားသင်တန်းများပေးခြင်း<br>• နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ်(NCMP)သင်တန်းဆရာများနှင့် ဒေသညှိနှိုင်းရေးမှူးအသစ်များ ရွေးချယ်လေ့ကျင့်ပေးခြင်း | ဦးစားပေး အဆင့် ၁ | CMC+HCs<br>CMC+HCs | နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှု အစီအစဉ် အကောင် အထည်ဖော် ပြီးစီးမှု |

**မဟာဗျူဟာလုပ်ငန်းနယ်ပယ် ၅၊ ထိရောက်သောမှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးကဆောင်ရွက်သော အထူးမှုခင်းကိစ္စရပ်တို့ကို တိုးမြှင့်ဆောင်ရွက်ရန်**

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ်တိုင်းတာ ချက်များ |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၅.၂ တရားရုံးကဆောင်ရွက်မည့် အထူးမှုခင်းကိစ္စရပ်များအတွက် နယ်ပယ်များသတ်မှတ်ခြင်း** | ၅.၂.၁ တရားရုံးကဆောင်ရွက်မည့် အထူးမှုခင်းကိစ္စရပ်အတွက်နယ်ပယ် များသတ်မှတ်၍ အကောင်အထည် ဖော်ဆောင်ရွက်ခြင်း | • အသိဉာဏ်ပစ္စည်းဆိုင်ရာမူပိုင်ခွင့်ဥပဒေများ အာဏာတည်ပြီးနောက် ရန်ကုန် အနောက်ပိုင်းခရိုင်တရားရုံးတွင် IP ကိစ္စရပ်များအပါအဝင် ကူးသန်းရောင်း ဝယ်ရေးဆိုင်ရာ အငြင်းပွားမှုများကိုဖြေရှင်းပေးမည့် ကူးသန်းရောင်းဝယ်ရေး ဆိုင်ရာအထူးဌာနခွဲ တည်ထောင်ရန်ဆောင်ရွက်ခြင်း<br>• တရားရုံး IP ဌာနခွဲအတွက် IT နည်းပညာဆိုင်ရာအခြေခံအဆောက်အအုံများ ထောက်ပံ့ပေးခြင်း | ဦးစားပေး အဆင့် ၁ | Ygn-HC+ CMWG(IP)<br>OUJS+ e-Gov+ BLDP | အကောင်အထည် ဖော်နိုင်မှု အခြေအနေ |
| | ၅.၂.၂ ကာကွယ်စောင့်ရှောက်မှု လိုအပ်သည့် အုပ်စုများအတွက် အရင်းအမြစ်ကျသော တရားမျှတမှု တိုးမြှင့်ဆောင်ရွက်ခြင်း | • ကလေးသူငယ်များနှင့် ကာကွယ်စောင့်ရှောက်မှုလိုအပ်သည့်လူကြီးသက်သေ များအတွက် တရားရုံးသက်သေအထူးစစ်မေးခန်း/သီးသန့်ရုံးခန်းတွင် စစ်မေး ခြင်းနှင့် လိုအပ်သည့်အခါသက်သေစကားပြန် စီစဉ်ဆောင်ရွက်ပေးခြင်း | ဦးစားပေး အဆင့် ၃ | All Courts | လိုက်နာဆောင်ရွက် မှုအခြေအနေ |
| **မဟာဗျူဟာရည်မှန်းချက် ၅.၃ တရားရုံးကအငြင်းပွားမှုများကို ထိရောက်မြန်ဆန်စွာ ဖြေရှင်း ပေးသောစနစ်များကိုသတ်မှတ် ဆောင်ရွက်ရန်** | ၅.၃.၁ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်ကို တရားရုံး များတွင် စတင်ဆောင်ရွက်ခြင်း | • တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးနှင့်စပ်လျဉ်း၍ လိုအပ်သည့် နည်းဥပဒေ/စည်းမျဉ်း၊ စည်းကမ်း/အမိန့်ကြော်ငြာစာ/အမိန့်/ညွှန်ကြားချက်/ လုပ်ထုံးလုပ်နည်း/ လက်စွဲ ထုတ်ပြန်နိုင်ရေး ဆောင်ရွက်ခြင်း<br>• တရားရုံးကဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးစနစ်ကို ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ မကွေး၊ ဧရာဝတီ တိုင်းဒေသကြီးတို့တွင် တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်း<br>• တရားသူကြီးများနှင့် တရားရေးအရာရှိများအတွက် စေ့စပ်ဖြေရှင်းရေး အရာရှိသင်တန်း (စာတွေ့/လက်တွေ့) ပို့ချခြင်း<br>• စေ့စပ်ဖြေရှင်းရေးဆိုင်ရာ ဆရာဖြစ်သင်တန်းပို့ချခြင်း<br>• အွန်လိုင်းအသုံးပြု၍စေ့စပ်ဖြေရှင်းခြင်း (Online Mediation)၊ ကူးသန်းရောင်း ဝယ်ရေးအငြင်းပွားမှုများစေ့စပ်ဖြေရှင်းခြင်း (Commercial Mediation)၊ နယ်စပ်ဖြတ်ကျော်အငြင်းပွားမှုများစေ့စပ်ဖြေရှင်းခြင်း(Cross-border Mediation) အစရှိသည့် အထူးပြုနယ်ပယ်ဆိုင်ရာစေ့စပ်ဖြေရှင်းရေးနှင့် စပ်လျဉ်း၍ သင်တန်းများ၊ ဆွေးနွေးပွဲများကျင်းပခြင်း<br>• စေ့စပ်ဖြေရှင်းရေးအပါအဝင် အငြင်းပွားမှုများကိုအခြားနည်းလမ်းဖြင့်ဖြေရှင်း ရေး(ADR) ဌာန ဖွဲ့စည်းခြင်း | ဦးစားပေး အဆင့် ၁ | OUJS+ Medi-WG<br>USC+ HCs+ Medi-WG<br>OUJS+ Medi-WG<br>OUJS+ Medi-WG<br>OUJS+ Medi-WG<br>USC | အကောင်အထည် ဖော်နိုင်မှု အခြေအနေ |

**မဟာဗျူဟာလုပ်ငန်းနယ်ပယ် ၅၊ ထိရောက်သောမှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးကဆောင်ရွက်သော အထူးမှုခင်းကိစ္စရပ်တို့ကို တိုးမြှင့်ဆောင်ရွက်ရန်**

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ်တိုင်းတာ ချက်များ |
|---|---|---|---|---|---|
| | | • အဆင့်ဆင့်သောတရားသူကြီးများ/ တရားရေးအရာရှိများနှင့် တရားရုံးဝန်ထမ်းများ အတွက် တရားမမှုတွင် စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ လုပ်ငန်း ကျွမ်းကျင်မှုသင်တန်းပို့ချခြင်း<br>• စေ့စပ်ဖြေရှင်းရေးလက်စွဲ (2022 version) ထုတ်ပြန်နိုင်ရေးဆောင်ရွက်ခြင်း<br>• စေ့စပ်ဖြေရှင်းရေးအရာရှိများအတွက် ကျင့်ဝတ်စာအုပ်ထုတ်ပြန်နိုင်ရေးဆောင်ရွက်ခြင်း<br>• တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်အား အများပြည်သူ ပိုမို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် ပညာပေးအစီအစဉ်များဆောင်ရွက်ခြင်း<br>• တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး စမ်းသပ်အစီအစဉ်၏ရလဒ်အား အများပြည်သူသို့ အသိပေးအစီအစဉ်များဆောင်ရွက်ခြင်း<br>• တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်အား တစ်နိုင်ငံလုံးတွင် အကောင်အထည်ဖော်ခြင်းနှင့်စပ်လျဉ်း၍ အများပြည်သူသို့ အသိပေးခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်း<br>• စေ့စပ်ဖြေရှင်းရေးဆိုင်ရာဆွေးနွေးပွဲများ၊ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ အခါအားလျော်စွာကျင်းပခြင်း<br>• စေ့စပ်ဖြေရှင်းရေးဆိုင်ရာသင်တန်းများအတွက် သင်ရိုးညွှန်းတမ်းများ ရေးဆွဲပြုစုခြင်း | ဦးစားပေး အဆင့် ၁ | OUJS+ HCs+ Medi-WG<br>OUJS+ Medi-WG<br>OUJS+ Medi-WG<br>OUJS+ IPRDP+ HCs+ Medi-WG<br>OUJS+ IPRDP+ HCs+ Medi-WG<br>OUJS+ IPRDP+ HCs+ Medi-WG<br>OUJS+ HCs+ Medi-WG<br>OUJS+ Medi-WG | အကောင် အထည် ဖော်နိုင်မှု အခြေအနေ |

## အတိုကောက်အခေါ်အဝေါ်များ

| | | |
|---|---|---|
| ACMS | – | နည်းပညာသုံးမှုခင်းစီမံခန့်ခွဲမှုစနစ် |
| ADP | – | စီမံရေးရာဌာန |
| ADR | – | အငြင်းပွားမှုများကိုအခြားနည်းလမ်းဖြင့်ဖြေရှင်းရေး |
| Arbi–WG | – | အနုညာတစီရင်ဆုံးဖြတ်ခြင်းဆိုင်ရာလုပ်ငန်းအဖွဲ့ |
| BLDP | – | ဘတ်ဂျက်နှင့်ထောက်ပံ့ဌာန |
| CACJ–WGJET | – | အာဆီယံတရားသူကြီးချုပ်များကောင်စီ–တရားစီရင်ရေးဆိုင်ရာလေ့ကျင့်သင်ကြားပေးရေးလုပ်ငန်းအဖွဲ့ |
| CART | – | တရားရုံးနှစ်စဉ်အစီရင်ခံစာပြုစုရေးလုပ်ငန်းအဖွဲ့ |
| CDR | – | တရားရုံးကအငြင်းပွားမှုများကိုဖြေရှင်းပေးခြင်း |
| CIS | – | မှုခင်းသတင်းအချက်အလက်စနစ် |
| CJDP | – | တရားမတရားစီရင်ရေးဌာန |
| CrJDP | – | ပြစ်မှုတရားစီရင်ရေးဌာန |
| CMC | – | မှုခင်းစီမံခန့်ခွဲမှုကော်မတီ |
| CMP | – | မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် |
| CMS | – | မှုခင်းစီမံခန့်ခွဲမှုစနစ် |
| CMWG | – | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးကိစ္စရပ်များဆိုင်ရာ လုပ်ငန်းအဖွဲ့ |

## အတိုကောက်အခေါ်အဝေါ်များ

| | | |
|---|---|---|
| CMWG (CJ) | - | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဆိုင်ရာမှုခင်းများ၏ စီရင်ချက်များ ထုတ်ပြန်ရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရေးအဖွဲ့ |
| CMWG (COMML) | - | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရေးအဖွဲ့ |
| CMWG (IP) | - | အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရေးအဖွဲ့ |
| CSOs | - | အရပ်ဖက်လူမှုအဖွဲ့အစည်းများ |
| DCs | - | ခရိုင်တရားရုံးများ |
| DCS | - | မှုခင်းအချက်အလက်ကောက်ယူခြင်းစနစ် |
| ECWG | - | တရားစီရင်ရေးဆိုင်ရာကျင့်ဝတ် ပြန်လည်သုံးသပ်ရေးလုပ်ငန်းအဖွဲ့ |
| e-Gov | - | e-Government ဌာန |
| HCs | - | တရားလွှတ်တော်များ |
| ILWG | - | လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေရေးဆွဲရေးလုပ်ငန်းအဖွဲ့ |
| IP | - | အသိဉာဏ်ပစ္စည်း |
| IPs | - | အပြည်ပြည်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများ |
| IPRDP | - | သတင်းအချက်အလက်နှင့် ပြည်သူ့ဆက်ဆံရေးဌာန |
| IR&RDP | - | အပြည်ပြည်ဆိုင်ရာဆက်ဆံရေးနှင့် သုတေသနဌာန |
| IT | - | သတင်းအချက်အလက်နည်းပညာ |
| LIDP | - | ရှေ့နေရှေ့ရပ်နှင့် စစ်ဆေးရေးဌာန |
| LPDP | - | ဥပဒေလုပ်ထုံးလုပ်နည်းဌာန |

## အတိုကောက်အခေါ်အဝေါ်များ

| | | |
|---|---|---|
| Medi-WG | - | တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးဆိုင်ရာလုပ်ငန်းအဖွဲ့ |
| MinLaw | - | ဥပဒေရေးရာဝန်ကြီးဌာန၊ စင်ကာပူနိုင်ငံ |
| MoU | - | နားလည်မှုစာချွန်လွှာ |
| NCMP | - | နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ် |
| OUCJ | - | ပြည်ထောင်စုတရားသူကြီးချုပ်ရုံး |
| OUJS | - | ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး |
| OUSC | - | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး |
| SOC | - | လုံခြုံရေးဆောင်ရွက်မှုစင်တာ |
| SPIC | - | မဟာဗျူဟာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ |
| TCs | - | မြို့နယ်တရားရုံးများ |
| TDP | - | လေ့ကျင့်ဌာန |
| ToT | - | ဆရာဖြစ်သင်တန်း |
| ULAB | - | ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ |
| USC | - | ပြည်ထောင်စုတရားလွှတ်တော်ချုပ် |
| WDP | - | စာချွန်တော်ဌာန |
| WGs | - | လုပ်ငန်းအဖွဲ့များ |
| Ygn-HC | - | ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် |


အားလုံးအတွက် တိုးတက်ကောင်းမွန်သော တရားမျှတမှုဆီသို့
LAW



THE REPUBLIC OF THE UNION OF MYANMAR

# THE SUPREME COURT Of THE UNION

## အားလုံးအတွက် တိုးတက်ကောင်းမွန်သော တရားမျှတမှုဆီသို့




ငါးနှစ်တာ မဟာဗျူဟာစီမံကိန်းရည်မှန်းချက်များ အောင်မြင်စေရေးအတွက်

အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသောလုပ်ငန်းအစီအစဉ်များ၏ နောက်ဆုံးနှစ်အစီအစဉ်

www.unionsupremecourt.gov.mm